# ရှေ့နေနှင့် တစ်ခုသောငွေရတုသဘင်

## ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် တစ်ခုသောငွေရတုသဘင်ပါ"။

"ခေါင်းစဉ်က ထူးထူးဆန်းဆန်းပါလား၊ ရှင်းပြပါဦး"

"စာရေးဆရာကြီး ဦးသိန်းဖေမြင့်ရေးခဲ့တဲ့ နာမည်ကျော်ဝတ္ထုတစ်ပုဒ်အကြောင်းပါပဲ"

"ဘာကြောင့် နာမည်ကျော်တာလဲဆရာ"

"လက်တွေ့ဖတ်ကြည့်ကြပါစို့ … "

**တစ်ခုသော ငွေရတုသဘင်**

"တစ်ခုသော ငွေရတုသဘင်" သည် ဦးသိန်းဖေမြင့်၏ ဝတ္ထုပြာန် အတ္ထုပ္ပတ္တိ၊ တစ်နည်းဆိုသော် ဝတ္ထုပုံစံ ကိုယ်ရေးဘဝမှတ်တမ်း ဖြစ်ပါသည်။ သို့သော် ဦးသိန်းဖေမြင့်၏ ကျယ်ပြန့်ထွေပြားသော ဘဝမှတ်တမ်း၊ သို့မဟုတ် ပြည့်စုံသော အတ္ထုပ္ပတ္တိကား မဟုတ်သေးချေ။ သူတို့ဇနီးမောင်နှံ၏ ဘဝ တစ်စိတ်တစ်ဒေသ၊ သူတို့ သားသမီးများ၏ဘဝဖြစ်စဉ်တို့ကို အထိုက်အလျောက်သာ ဖော်ပြထားခြင်း ဖြစ်လေသည်။

ဦးသိန်းဖေမြင့်နှင့်ဇနီး ဒေါ်ခင်ကြည်ကြည်တို့သည် အိမ်ထောင်သက် ၂၅ နှစ်ပြည့်မြောက်သည့်တိုင်အောင် အိမ်ထောင်ရေး အဆင်ပြေညီညွတ်လျက်ရှိသည်ကို ဂုဏ်ယူလျက် အထိမ်းအမှတ် ပွဲကျင်းပခဲ့ကြသည်။ ထိုအထိမ်းအမှတ်ပွဲအပြီးတွင် မိမိတို့၏အိမ်ထောင်သည်ဘဝနှင့် ဆက်နွှယ်သော၊ ပတ်သက်သော အကြောင်းချင်းရာများကို ဦးသိန်းဖေမြင့် ပြန်ပြောင်းစဉ်းစား စိစစ်ဝေဖန်ကြည့်သည့်ဟန်ဖြင့် "တစ်ခုသော ငွေရတုသဘင်" ကို တင်ပြထားသည်။

မိမိတို့၏ အိမ်ထောင်သည်ဘဝဇာတ်လမ်းတွင် ဦးသိန်းဖေမြင့်သည် ဇာတ်ကောင်များအဖြစ် မိမိနှင့်ဇနီး၊ သား သမီးများ၊ ကလေးများ၏ အဒေါ်တစ်ယောက်၊ အိမ်တွင် မွေးထားသည့် ခွေးနှင့် ကြောင်များအကြောင်းကိုလည်းကောင်း၊ ဇာတ်ရံများအဖြစ် ငွေရတုသဘင်ပွဲသို့ ဖိတ်ကြား၍ တက်ရောက်ကြသော ဆွေမျိုးမိတ်သင်္ဂဟနှင့် ဆရာသမားဟောင်းများ အကြောင်းကိုလည်းကောင်း ခပ်ရွှင်ရွှင် ခပ်သောသောဖြင့် ဖော်ပြထားသည်။

ဦးသိန်းဖေမြင့်တို့၏ အိမ်ထောင်သက် ၂၅ နှစ် ဘဝခရီးမှတ်တမ်းသည် အိမ်ထောင်တစ်ခု၏ အဆင်ပြေမှုကို နမူနာပြထားသော မှတ်တမ်းတစ်ခု ဖြစ်သည်။ "တစ်ခုသော ငွေရတုသဘင်" တွင် အိမ်ထောင်သည်ဘဝအပေါ် မိမိနှင့်ဇနီး ဒေါ်ခင်ကြည်ကြည်တို့၏ ခံယူချက်၊ မိမိတို့၏ အိမ်ထောင်သည်ဘဝကို စတင်တည်ဆောက်ပုံ၊ မိမိတို့၏ သားသမီးများအပေါ် မိမိတို့၏ ခံယူ ချက်များ၊ သား သမီးများအား ပြုစုပျိုးထောင် ပညာအမွေပေးလျက်နေပုံ၊ မိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် ဆက်ဆံရေး စသည်တို့ကိုလည်း တင်ပြထားသည်။ သို့ဖြစ်၍ "တစ်ခုသော ငွေရတုသဘင်" သည် ဦးသိန်းဖေမြင့်၏ ခပ်ရွှင်ရွှင် အသွင်ဟန်တစ်မျိုးဖြင့် အိမ်ထောင်ရေး ဗဟုသုတပေး ကျမ်းငယ်တစ်စောင်ဟု ယူဆနိုင်ပါကြောင်း ၁၉၇၃ ခုနှစ်က ဤစာအုပ်ကို ထုတ်ဝေခဲ့သည့် စာပေဗိမာန်က မှတ်ချက်ပြုရေးသားထားလေသည်။ ၂၀၀၀ ပြည့်နှစ်တွင် ရာပြည့်စာအုပ်တိုက်က ပြန်လည်ရိုက်နှိပ်သည်။

**ရှုထောင့်နှစ်မျိုးမှ မြင်နိုင်သော ကျွန်တော်တို့အိမ်**

"ကျွန်တော်တို့၏အိမ်သည် မကြီးကျယ် မခမ်းနားသော်လည်း နေလို့ကောင်းသော အိမ်ဖြစ်သည်" ဟု အစချီကာ ဆရာကြီး ဦးသိန်းဖေမြင့်က အောက်ပါအတိုင်း ဆက်ရေးထားလေသည်။

"ကျွန်တော်တို့ အိမ်ထက်မြင့်သော လမ်းပေါ်မှ ကျွန်တော်တို့အိမ်သို့ ဆင်းလာလျှင် ဖြစ်သလို လုပ်ထားသော အုတ်လှေကားဖြင့် ဆင်းရသည်။ လက်ယာဘက်တွင်ဝါးရုံခြံစည်းရိုးနှင့် လက်ဝဲဘက်တွင် ပုဏ္ဏရိက်ပန်းရုံ ခြံစည်းရိုးရှိသည်။ အိမ်ရှေ့လှေကားကို ကသစ်ပင်၊ ကံ့ကော်ပင်စသော သစ်ပင်ကြီးများက အုပ်မိုးထားသည်။ အိမ်ရှေ့က ကြည့်လျှင် တစ်ထပ်အိမ်ဟု ရုတ်တရက် ထင်သည်။ သို့သော် နှစ်ထပ်အိမ်ဖြစ်ပါသည်။ ကုန်းလျှောကြီးကို အနည်းငယ်ဖြို၊ အနည်းငယ်ညှိပြီး အလိုက်သင့် မေးတင်၍ ဆောက်ထားသော တိုက်ခံအိမ်ဖြစ်သည်။"(စာ–၁၅)

**စာရေးဆရာကြီး ဦးညာဏ၏အမြင်**

"ဦးညာဏသည် ဝရန်တာမှနေပြီး အိမ်နောက်မျက်နှာစာကိုစီး၍ ကြည့်ပြီးနောက် –

ငါကဒီမြင်ကွင်းမျိုးသိပ်သဘောကျတယ်ကွ။ ကိုယ်က အပေါ်ကစီးပြီး သစ်ပင်ထိပ်ဖျားတွေနဲ့ သူများအိမ်မိုးတွေကို မြင်ရတာဟာ အရသာတစ်မျိုးပဲဟေ့"

**ကျွန်တော်–**

" ဟုတ်တယ်၊ ခင်ဗျာ့ရှုထောင့်လည်း တစ်မျိုးကောင်းတယ်။ သိုသော် လမ်းပေါ်ကနေပြီး ကျွန်တော့အိမ်ခေါင်မိုးကို မြင်ရတယ်မဟုတ်လား။ ရှုထောင့် နှစ်မျိုးပေါ့ဗျာ။ အထက်ကနေကြည့်တဲ့ ရှုထောင့်လည်းရှိရမယ်။ အောက်ကနေကြည့်တဲ့ ရှုထောင့်လည်းရှိရမယ်။ ကျွန်တော့်အိမ်ကနေပြီး ရှုထောင့်နှစ်မျိုးနဲ့ ကြည့်နိုင်တယ်ဗျ"

**ဦးညာဏ–**

"အေး၊ လောကမှာ အထက်နဲ့အောက် အပြန်အလှန်ကြည့်တတ်ကြဖို့ သိပ်လိုတယ်"(စာ–၁၆)

**ကျွန်တော်–**

"အထက်အောက် အပြန်အလှန်ကြည့်တတ်ကြရင် စာနာမှု၊ သမမျှတမှုရှိလာမှာပဲဗျ"(စာ–၁၇)

ဆရာကြီး ဦးသိန်းဖေမြင့်က အထက်အောက် အပြန်အလှန်ကြည့်တတ်ဖို့၊ စာနာမှု၊ သမမျှတမှုရှိဖို့ အသိပေးခဲ့ပုံမှာ မှတ်သားစရာကောင်းလှပေသည်။

**ဘာကြောင့်ငွေရတုသဘင်ကျင်းပရသလဲ**

မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးသည် ကမ္ဘာသူ ကမ္ဘာသားများအတွက် အရေးကြီးလှ၏။ ဖက်ဆစ်တော်လှန်ရေးသည် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက်အရေးကြီးလှ၏။ သိန်းဖေမြင့်နှင့် ခင်ကြည်ကြည်တို့၏ ငွေရတုသဘင်ကား ကမ္ဘာအတွက်လည်းကောင်း၊ မြန်မာနိုင်ငံ အတွက်လည်းကောင်း အရေးမကြီးပါ။ သို့သော် ကျွန်တော်တို့ မိသားစုအတွက်ကား အရေးကြီးလှ ပါသည်။ ထို့ကြောင့်ငွေရတုသဘင်ဆိုပြီး တခမ်းတနားကျင်းပလိုက်ခြင်း ဖြစ်ပါသည်။ တခမ်းတနား ဆိုသော်လည်း အကန့်အသတ်ရှိပါသည်။ ကိုယ့်ဝင်းခြံ အကျယ်အဝန်းနှင့် ကိုယ့်ငွေရေးကြေးရေး အင်အားတို့က ကန့်သတ်ထားပါ၏။(စာ–၁၉)

**ယောကျ်ားနှင့် မိန်းမ ချစ်ကြိုက်ကြခြင်း**

ယောကျ်ားနှင့် မိန်းမ ချစ်ကြိုက်ကြခြင်းမှာ မခဲယဉ်းပါ။ လွယ်လွယ်နှင့် မြင်လျှင်မြင်ချင်းပဲ ကြိုက်ကြိုက်၊ အမျိုးမျိုးစဉ်းစားပြီး အမျိုးမျိုး ပိုးပန်းပြီးမှ ကြိုက်ကြိုက်၊ အောင်သွယ်ထား၍ပဲ ကြိုက်ကြိုက်၊ ရွယ်တူတန်းတူ အချင်းချင်း ကြိုက်ကြိုက်၊ အရွယ်မတူကြဘဲနှင့် ကြိုက်ကြိုက်၊ ချစ်ကြိုက်သွားခြင်းမှာ လွယ်ပါသည်။ မလွယ်သည်၊ ခက်သည်မှာ ချစ်ကြိုက်ပြီးနောက် ညားကြရခြင်း ဖြစ်ပါသည်။ ထို့ထက် မလွယ်သည်၊ ထို့ထက်ခက်သည်မှာ ၂၅ နှစ်ပြည့်အောင် ပေါင်းသင်းရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ငွေရတုသဘင်ဆိုပြီး တခမ်းတနားလုပ်ကာ ကျင်းပရခြင်း ဖြစ်၏။ သို့သော် အထက်တွင် ဖော်ပြသကဲ့သို့ အကန့်အသတ်ရှိသော တခမ်းတနားဖြစ်ပါသည်ဟု ချစ်ကြိုက်ခြင်းအကြောင်း ပြဆိုရေးသားခဲ့သည်။ (စာ–၂၀)

**ပြပွဲကလေးတစ်ခု**

သားအငယ်ဆုံး မောင်ခွန်သာက ငွေရတုသဘင် ပြပွဲကလေးတစ်ခု စီစဉ်ထားသည်။ ပြပွဲ ဆိုသော်လည်း ကြီးကြီးမားမား မဟုတ်ပါ။ ထန်းပင်ခြေရင်းမှာ စာရေးစာပွဲတစ်လုံးကို ခင်းထားသည်။ ဘေးမှာ ကုလားထိုင်နှစ်လုံး ချထားသည်။ စာရေးစားပွဲပေါ်မှာ ခဲတံပုံ ငါးပုံ၊ စာအုပ် နှစ်အုပ်၊ ဇလုံတစ်ခု၊ ကြေးဖွန်းတစ်ချောင်း၊ ရေသောက် ကြေးဖလားတစ်လုံး၊ လက်ဖက်ရည်ကရား၊ နွားနို့အိုး၊ သကြားခွက်စသည့် ပစ္စည်းများကို ချထားသည်။ ကြေးဖွန်းများ ပွဲနေပြီး ရေသောက်ကြေးဖလားမှာ ပေါက်နေပြီဟု ပြပွဲ၏ အနှစ်သာရကို ဖော်ပြသည်။ (စာ–၂၅)

**အိမ်ထောင်ပြုခြင်း**


ဆရာကြီးဦးသိန်းဖေမြင့်က အိမ်ထောင်ပြုခြင်းကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ လောကတွင် အိမ်ထောင်ပြုခြင်းမှာ ကိစ္စနှစ်ရပ်ကို ဆောင်ရွက်ရန်ဖြစ်သည်။ ပထမကိစ္စမှာ လူတို့ စားဝတ်နေရေးအတွက် ကုန်ထုတ်လုပ်ရာတွင်(ဝါ) အသက်မွေးဝမ်းကျောင်းပြုရာတွင် လုပ်အားစုတစ်ခုအနေနှင့် ပါဝင်ရန်ဖြစ်ပြီး ဒုတိယကိစ္စမှာ မျိုးဆက်ပြန့်ပွားရေးအတွက် သားသမီး မွေးမြူရေး၊ သားသမီးများကိုယ်တိုင် လုပ်သားစုများဖြစ်လာသည်အထိ ပြုစုပျိုးထောင် ပညာပေး လေ့ကျင့်ရေးဖြစ်ပါသည်တဲ့။ (စာ–၄၃)

**မကြာခဏ ပဋိပက္ခဖြစ်ခြင်း**

ကျွန်တော်တို့လင်မယားသည် ဤသို့အားဖြင့် မကြာခဏပဋိပက္ခဖြစ်ကြသည်။ ကျွန်တော်က အကောင်းမြင်ဝါဒသမားဖြစ်သည်။ ခင်က အဆိုးမြင်ဝါဒသမားဖြစ်သည်။ ကြီးကြီးငယ်ငယ် ပြဿနာဟူသမျှကို ချဉ်းကပ်ရာမှာ ကျွန်တော်က အပေါင်းလက္ခဏာဘက်ကို အလေးပေးသည်။ ခင်က အနုတ်လက္ခဏာဘက်ကို အလေးပေးသည်။ သို့သော် ကျွန်တော်တို့သည် အခြေခံဒဿနက ယေဘုယျ လောကအမြင်မှာ တူညီကြသည်။ ကမ္ဘာ့နိုင်ငံရေးကို ဆင်ခြင်သုံးသပ်ရာမှာ တူသည်။ ပြီးတော့ တူနှစ်ကိုယ်တည်ထောင်ထားသော မိသားစုကို မပြိုလဲအောင် ထိန်းသိမ်းထားမည်ဟူသော ဘဝအသိမှာ တူသည်။ ထို့ကြောင့် ပဋိပက္ခများဖြင့် မပေါက်ကွဲအောင် ကာကွယ်နိုင်သည်။ ဝိရောဓိသည် ချစ်သူအချင်းချင်း ဝိရောဓိ ဖြစ်သွားလေသည်။ မူလ ပဋိမူလသမူဟ ဖြစ်စဉ်သဘောနှင့်ပြေလည်မှု ပေါ်လာလေသည်။ အကောင်းမြင်ဝါဒသမားက အကောင်းချည်း မြင်နေ၍မရ၊ အဆိုးမြင်ဝါဒသမားကလည်း အဆိုးချည်း မြင်နေ၍မရ။ ဘယ်အရာမှာမဆို အကောင်းရော အဆိုးရော ရှိသည်သာတည်း။ အကောင်းမြင်ဝါဒသမားအဖို့ လမ်းက ဖြောင့်ဖြူးလွန်းသည်။ အဆိုးမြင်ဝါဒသမားများအဖို့မူ လမ်းက ပိတ်နေသည်။ နှစ်ဖက်ညှိလိုက်တော့မှ အနှောင့်အယှက် အတားအဆီးများကို ကြိုတင်ကာကွယ်နိုင်သည်။ ပိတ်နေသည်ထင်ရသောလမ်းကို ဖွင့်နိုင်သည်။ အနုတ်လက္ခဏာများကို နည်းပါးစေပြီး အပေါင်းလက္ခဏာများ ပွားများစေသည်ဟု ဖြစ်တတ်သော လင်မယားပဋိပက္ခကိုလည်း မခြွင်းမချန် ပွင့်ပွင့်လင်းလင်း ရေးပြခဲ့ပါသည်။ (စာ–၄၉)

**အိမ်ထောင်သာယာရေးနှင့်ကျန်းမာရေး**

"ဆရာတော် ဟောသွားတာထဲမှာ မှတ်လောက်သားလောက်တဲ့ အချက်တစ်ခု ပါသေးတယ်။ သာယာသောအိမ်ထောင်ရေးအတွက် ကျန်းမာရေးက အရေးကြီးတယ်။ ကိုယ်တို့ဟာ တစ်ဖက်သတ် အယူမသီးဘဲ မြန်မာ့အာယုဗ္ဗေဒဆေး၊ ဗိန္ဒောဆေးနဲ့ ခေတ်မီသိပ္ပံဆေးကို မျှတညှိနှိုင်းပြီး အသုံးချသူများဖြစ်တယ်လို့ ဆရာတော်က မှတ်ချက်ချသွားတယ်။ ဒါကြောင့်အသက်ရှည်ဦးမှာပဲတဲ့။ ဒီအတိုင်း ကြိုးစားသွားကြရင်း ငွေရတုသဘင်ဆင်ယင်နိုင်ကြမှာပဲတဲ့"ဟု အိမ်ထောင်သာယာရေးနှင့် ကျန်းမာရေးအကြောင်း ပြဆိုရေးသားခဲ့ပါသည်။ (စာ–၆၂)




**ကာမဘုံသားလူအများအဖို့**

ကာမဘုံသား လူအများအဖို့ ကာမချမ်းသာသုခသည် အရေးကြီး၏။ ကာမ ချမ်းသာသုခ၊ ကာမဂုဏ်အာရုံ မရှိမဖြစ် မပါမပြီးသလို သူ့နောက်ချည်း လိုက်နေပြန်လျှင် ထိုချမ်းသာသုခတွင်၊ ထိုအာရုံတွင် လွန်လွန်ကျူးကျူး စူးစိုက်ပြန်လျှင်လည်း အိမ်ထောင်ရေးပျက်စီးမည်သာ ဖြစ်သည်။

ယောကျ်ား၊ မိန်းမဟူသမျှသည် ဖိုမ ဆက်ဆံရေးနှင့် ပတ်သက်၍လည်းကောင်း၊ သားသမီး မွေးမြူရေးနှင့် ပတ်သက်၍လည်းကောင်း အခြေခံပညာရရှိထိုက်သည်ဟူသော အချက်ဖြစ်ပါသည်။ ကျွန်တော်တို့လင်မယားသည် ဤပြဿနာမှာ ပညာရှာမှီးသူများဖြစ်သည်။ ကိုယ့်ထက်နားလည်သူများထံမှဖြစ်စေ၊ ဆရာဝန်များထံမှဖြစ်စေ၊ စာအုပ်များမှဖြစ်စေ လေ့လာဆည်းပူးသူများဖြစ်သည်။ ကျောင်းသားခေါင်းဆောင်ကွယ်လွန်သူ ဒေါက်တာလှရွှေသည် ကျွန်တော်၏ လက်ဦးဆရာဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း ဆရာကြီး ဦးသိန်းဖေမြင့်က ရေးခဲ့ပါသည်။ တစ်အုပ်လုံး ဖတ်ချင်စရာတွေချည်းပါပဲ။ (စာ–၁၀၀)

**'လ' ကလေးက ချိုချိုသာ**

"လ ကလေး အတော်သာယာနေပြီနော်"

ကျွန်တော်က ခင့်ပခုံးကို ကိုင်ဖက်ရင်း–

" အင်း လ ကလေးက ချိုချိုသာပြီ၊ မြောက်လေကညင်းညင်းကလေး လာနေပြီ"

တကယ်ပင် မြောက်လေကလေးက တညင်းညင်းတိုက်ခတ်လာသည်။ ခင်သည် ကျွန်တော့်ခါးကို ဖက်လိုက်လေသည်ဟု နိဂုံးချုပ်ထားလေသည်။ (စာ–၁၆၁)

**အနှစ်သာရ**

စာရေးဆရာကြီးဦးသိန်းဖေမြင့်ရေးသားသောချစ်ခင်ကြည်နူးဖွယ် အိမ်ထောင်သည်ဘဝကို ဖော်ပြသည့် တစ်ခုသော ငွေရတုသဘင်စာအုပ်ကို ကျွန်တော် အကြိမ်ကြိမ်အခါခါ ဖတ်ခဲ့ပါသည်။ ဘယ်တော့မှမရိုးပါ။ ထပ်ပြန်တလဲလဲဖတ်ချင်ပါသေးသည်။ ဆက်၍ ဆက်၍ ဖတ်ရှုမိမှာအသေအချာပါ။

**နိဂုံး**

ကြေးမုံစာချစ် ပရိသတ်များလည်း ဖတ်ရှုကြည့်ကြပါ။ ကျွန်တော်နှင့်ထပ်တူထပ်မျှ သဘောမျိုးကြိုက်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း . . . .။